# အစ်ကို . . . သို့

ဖရော်ဆန်



## စာရေးသူ အမှတ်တရ စကား

အစ်ကိုဆိုတဲ့ လူတစ်ယောက်ဟာ ကျွန်တော့် စိတ်ကူးထဲမှာ နှစ်အတော်ကြာ ရှင်သန်နေခဲ့ဖူးတဲ့ လူတစ်ယောက်ပါ။ ကျွန်တော်ဟာ မန္တလေးမြို့မှာ ၉ နှစ်လောက် ကျင်လည်ခဲ့ပြီး ရုတ်တရက် ကျွန်တော်နဲ့ မရင်းနှီးတဲ့ နယ်မြို့လေး တစ်မြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့ရတယ်။ အဲဒီနယ်မြို့လေးမှာ အဆင်မပြေမှုတွေ အများကြီးနဲ့ ကြုံခဲ့ရပြီး စိတ်ဓာတ်တွေ ကျခဲ့တယ် ဆိုပါတော့လေ။ အဲဒီလို နေ့ရက်တွေမှာ အစ်ကိုဆိုတဲ့ လူတစ်ယောက်ဟာ ကျွန်တော့် စိတ်ထဲမှာ စကားပြောဖော် လူတစ်ယောက်အဖြစ် ရှိနေခဲ့တာပါ။ အစ်ကိုဟာ အပြင်လောကမှာ တကယ်ရှိချင်လည်း ရှိမယ်။ ရှိချင်မှလည်း ရှိမယ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုဟာ ကျွန်တော့်အပေါ် နွေးထွေးစွာ ဆက်ဆံလိုက်၊ ကျွန်တော့်ကို စွန့်ပစ်လိုက် အမျိုးမျိုး ကစားနေခဲ့သလို ဖြစ်ပြီး ကျွန်တော်ကလည်း လိုအပ်လာတဲ့အခါ အစ်ကို့ဆီ ပြေးဝင်လိုက်၊ မလိုအပ်တော့တဲ့အခါ အစ်ကို့ဆီက ပြေးထွက်လိုက် စိတ်ခံစားမှုတွေ အမျိုးမျိုး ရှိနေခဲ့တဲ့ အကြောင်း ဒီစာအုပ်လေးထဲမှာ စကားပြေအဖြစ် ရေးထားခဲ့တာပါ။

တကယ်လို့များ တစ်စုံတစ်ရာ အကြောင်းတိုက်ဆိုင်မှု ရှိခဲ့ရင်တော့ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာလိုစေခြင်း မရှိကြောင်း အနူးအညွတ် တောင်းပန်ပါတယ်။

ချစ်သော ဖရော်ဆန်

*****

ကျွန်တော်ကလေ ...

ကျွန်တော့်အပေါ်ကျ အရက်စက်နိုင်ဆုံး ရက်စက်ပြီး

တခြားတစ်ယောက် အပေါ်ကျ

အကောင်းနိုင်ဆုံး ကောင်းပြနေတဲ့ လူတွေကို မြင်ရင် ရယ်ချင်တယ်

ဥပမာအနေနဲ့

ထိပ်ဆုံးကနေ နာမည်တပ် ပြောရရင်တော့ "အစ်ကို" ပေါ့ ...။ ။

ကျွန်တော့်ကဗျာတွေဆို မဖတ်ဘဲ ကျော်သွားတတ်တဲ့ အစ်ကိုက

အဲဒီအမျိုးသမီးလေးရဲ့ wall မှာတော့

ဓာတ်ပုံတွေတင်တိုင်း love react ပေးတတ်သူ

အဲဒီအမျိုးသမီးလေး တစ်ခုခုဖြစ်နေတယ်လို့ ရေးတင်တိုင်း

sad react ပေးတတ်သူ

အဲဒါကြောင့် ပြောတာပေါ့

တချို့အလင်းရောင်တွေဟာ ကျွန်တော့်ကမ္ဘာကို ကွက်ပြီး

မှောင်နေတော့တာပါပဲလို့ ...

*****

## အရံလူ

အစ်ကို့အကြောင်းတွေ တွေးမိတဲ့အခါတိုင်း ကျွန်တော်ဟာ အိပ်မက်ရှည် တစ်ခုကနေ နိုးထလာရသူ တစ်ယောက်လိုပါပဲ။

မက်နေတုန်းကတော့ ခံစားမှုအားလုံးဟာ တကယ့် အရှိတရားလို။ အစ်ကိုနဲ့ ပတ်သက်တဲ့ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ ကြေကွဲ

ခြင်းတွေမှာ ကျွန်တော် အမှန်တကယ် ပျော်ဝင်ခဲ့ဖူးတာပဲ။ အခုတော့ အိပ်မက်က နိုးလာသူ တစ်ယောက်လို ဘာမှ ရေရေရာရာ ပြစရာမရှိ။ လှစ်ဟာနေတဲ့ ခံစားချက်တစ်ခုသာ ရင်ထဲ ထင်ကျန်နေခဲ့။ (အရာအားလုံး ပျက်ပြယ်သွားပြီပဲ ဆိုပါတော့လေ။) ပြီးဆုံးခဲ့တဲ့ အိပ်မက်အကြောင်းကို တစ်စုံတစ်ယောက်ကို ပြောပြဖို့ ဆိုတာကလည်း သိပ်ကို အပေါစား ဆန်လွန်းရဲ့ မဟုတ်လား။

"ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် suicide မလုပ်ပါဘူးလို့ ကတိပေးပါကလေး" တဲ့။ အစ်ကိုက ကျွန်တော့်ဆီက ကတိတွေ တောင်းပြီး တခြားအမျိုးသမီးလေးကိုကျ ကတိတွေ ပေးခဲ့တယ်နော်။ ကျွန်တော့်ကို ချစ်တယ်လို့ ပြောပြီး တခြား အမျိုးသမီးလေး တစ်ယောက်ရဲ့ လက်ကို တွဲထားခဲ့တယ်။ သိပ်များများစားစား တွေးစရာ မလိုပါဘူး။

အစ်ကိုက ... ရက်စက်နိုင်လွန်းသူ

ကျွန်တော်က ... အရံလူပါပဲ။

"ဘယ်သူ့ရဲ့ အပျော်ကစားတဲ့ အရုပ်လေးမှ မဖြစ်လိုဘူး

အပိုင်ဝယ်ဖို့ စိတ်ကူးမရှိတဲ့အခါ ကျွန်တော့်ကို လာ လာမထိကြပါနဲ့"

ကျွန်တော်ရေးခဲ့ဖူးတဲ့ စကားလုံးအချို့က အစ်ကို့ဆီ မရောက်ဘဲ ကျွန်တော့်ဆီပဲ ပြန်လာတယ်။ ကျွန်တော် ငြီတွယ်မိတဲ့ အရာအားလုံးကလည်း ကျွန်တော်နဲ့အတူ ကျန်ရစ်ခဲ့တာပါပဲ။

မုန်းလားလို့ မေးရင်တော့လည်း မမုန်းပါဘူး။ အစ်ကိုက ကျွန်တော် သေရာပါမဲ့ ဒဏ်ရာလေ။ ကျွန်တော် မြတ်မြတ်နိုးနိုး ခုန်ချခဲ့မိတဲ့ ညွှတ်ကွင်း။ ကျွန်တော် ... ဘဝတစ်လျှောက်လုံး တမြည့်မြည့် သတိရနေမဲ့ လူတစ်ယောက်ပေါ့။

အရံလူဖြစ်ရတာ အရင်ဘဝက ဆုတောင်းမှားခဲ့လို့ ထင်တယ်။ ဒါမှ မဟုတ် ဝဋ်ကြွေးလှုလှု တစ်ခုပေါ့။ ကိုယ်တိုင် မုန်းတီးလာတဲ့ ကိုယ့်ဖြစ်တည်မှုကို တမင်တကာ ဖျက်ဆီး ပစ်လိုက်ရတာမျိုး။ အစ်ကို့ကို စတင်စွန့်လွှတ် ခဲ့ခြင်းတွေအတွက် အစ်ကို နားလည်မယ်လို့ မျှော်လင့်ပါတယ်။

ဖတ်ဖူးတဲ့ အေးချမ်းရဲ့ စာသားတစ်ခုလို "ချစ်တဲ့သူကို သတ်ပြီးကာမှ အချစ်ရေလို့ အော်ခေါ်နေမိတဲ့ အဖြစ်" ပေါ့။ အစ်ကို့ကို လွှတ်ချပြီးကာမှ အစ်ကို့ကို သတိရတဲ့အကြောင်း စာတွေ ရေးမိပြန်တယ်။ ဒါကလည်း ကျွန်တော့်စိတ်ရဲ့ ထွက်ပေါက်တစ်ခု အနေနဲ့ပါပဲ။ အရံလူဘဝကို ပြန်လှည့်ဖို့ စိတ်ကူးမရှိလို့ အစ်ကို ကျွန်တော့်ကို မေ့မေ့ပျောက်ပျောက် ထားသွားနိုင်ပါတယ်။ ကျွန်တော် ပြောနေကျ စကားပါပဲ။

"ကျွန်တော်က အလိုက် သိတတ်တယ်လေ"

ကျွန်တော့်အတွက် ခြေချစရာ မရှိတဲ့ ကမ္ဘာမှာ ကျွန်တော် ဘယ်တော့မှ ရှင်သန်မှာ မဟုတ်ပါဘူး။

အစ်ကို ပျော်ပါစေ ...

ပြီးတော့ ...

အစ်ကို့ဘဝထဲကိုလည်း အစ်ကိုခေါ်ချင်တဲ့သူကို ခေါ်နိုင်ပါစေ။ ။

*****